
စာမွန်ခန်းသာစာအုပ်စင်

# မစန္ဒာ

## မုန်းပါသည်ဆိုသော်လည်း

ဝတ္ထုတိုများ



mgyoe.com

mgyoe.com

# မစန္ဒာ

## မုန်းပါသည်ဆိုသော်လည်း ဝတ္ထုတိုများ



ISBN 9789997117083
MSN3
9 789997 117083
1,300.00KS

mgyoe.com

မုန်းပါသည် ဆိုသော်လည်း ဝတ္ထုတိုများ မစန္ဒာ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၉၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မုန်းပါသည် ဆိုသော်လည်း

## ဝတ္ထုတိုများ

## မစန္ဒာ

ပထမအကြိမ် ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ မောင့်စွမ်းဆောင်ရှင် ၁

၂။ သူ့ကုသိုလ် ၁၆

၃။ သူပျော်တဲ့နေရာ ၄၀

၄။ သူပိုင်တဲ့မြေ ၅၀

၅။ မုန်းပါသည် ဆိုသော်လည်း ၆၇


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မောင့်စွမ်းဆောင်ရှင်

ခပ်တိုးတိုးညည်းသံကို မကြားသလို ကြားသလိုနှင့် ဝေဝေဝါးဝါး ဖြစ်နေသည်။ သူ၏လက်မောင်းကို ပူနွေးနေသော လက်တစ်ဖက်က ခပ်သာသာ ဆုပ်ကိုင်ထားသည်ကိုလည်း မသိသလိုလို သိသလိုလိုနှင့် အိပ်ချင်စိတ်ကသာ ကြီးစိုးနေသည်။ သူ၏မျက်ခွံနှစ်ဖက်သည် ကျောက်ဖျာကြီးနှစ်ချပ်လို လေးလံနေသည်ဟု ထင်ရသည်။

"အစ်ကို ကျွန်မ နေမကောင်းဘူး"

ဒီတစ်ခါကြားလိုက်ရတော့ သူ့ဦးနှောက်က အနည်းငယ် နိုးကြားလာသည်။ ထို့ကြောင့် ထိုအသံသည် သူ့မိန်းမ၏အသံဖြစ်ကြောင်းကိုလည်း တစ်ဆက်တည်း အသိဝင်သွားသည်။

"ဖျားနေပြီ"

သူက ထပ်ဆင့်ရေရွတ်ရင်း ခုတင်ခေါင်းရင်းမှ မီးခလုတ်ကို စမ်း၍ ဖွင့်လိုက်သည်။ ဖျတ်ခနဲလင်းလာသော အလင်းရောင်ဝယ် ခပ်နွမ်းနွမ်း မျက်နှာတစ်ခုကို တွေ့ရလေသည်။

ထိုမျက်နှာပိုင်ရှင်သည် သူ့မိန်းမဖြစ်သည်။ အနှစ် ၂၀ နီးပါးခန့်

mgyoe.com

mgyoe.com


သူနှင့်အတူ ပေါင်းသင်းနေထိုင်ခဲ့သော ထိုမိန်းမသည် သူ့အတွက် ကလေး လေးယောက်ကို မွေးဖွားပေးခဲ့လေသည်။ ကလေးမွေးပြီးခါစ ဆယ့်လေးငါးရက်ခန့် ငြိမ်ငြိမ်နေတတ်သည်မှအပ ကျန်အချိန်များတွင် ရှိရှိသမျှ အိမ်မှုကိစ္စများကို သိမ်းကျုံးလုပ်ကိုင်နေတတ်သောသူ ဖြစ်သည်။ သူ့ကို မရဲတရဲကြည့်တတ်သော၊ မျက်လွှာချတတ်သော၊ ရယ်ခဲပြုံးခဲသော၊ စကားနည်းလှသော ထိုမိန်းမသည် ဖျားခဲနာခဲလှသည်ကလည်း အမှန် ဖြစ်သည်။ ထို့ကြောင့် သူ့မိန်းမကို သူက ဖျားတတ်နာတတ်လိမ့်မည် ဟုပင် မထင်မှတ်ခဲ့မိပေ။

"ဖျားနေတယ်"

သူက အံ့သြသလို ထပ်၍ ရေရွတ်မိပြန်သည်။ သူ့မိန်းမ၏နဖူးကို လက်နှင့်စမ်းကြည့်လိုက်တော့ ရုတ်တရက် လန့်၍ပင်သွားသည်။ ချစ်ချစ် တောက် ပူနေသောကြောင့် ဖြစ်လေသည်။

"ဟာ... အတော်ပူနေတာပဲ။ ဘယ်လိုဖြစ်တာလဲ"

"မနေ့တုန်းက မိုးတွေရွာတော့ ရေချိုးကန်ထဲ ရေဝင်အောင် ရေတံလျှောက် ထွက်ဆွဲတာ မိုးမိသွားလို့လား မသိဘူး"

မိန်းမက ထုံးစံအတိုင်း မျက်လွှာချကာ တိုးတိုးပြောသည်။ အဖျား သွေးကြောင့် မျက်နှာက မသိမသာ နီနေကာ မျက်တောင်များ စင်းငိုက် နေသည်။

"အသက်လေးဆယ်ကျော်နေပြီလေ...။ ဆင်ဆင်ခြင်ခြင်လေး လုပ်မှပေါ့။ ငယ်ငယ်လေးမှ မဟုတ်တော့တာ..."

စေတနာနှင့် ပြောလိုက်သော်လည်း သူ့အသံက ထုံးစံအတိုင်းမို့ ပျော့ပျော့ပျောင်းပျောင်း မရှိလှပေ။ ပြောပြီးခါမှ အိမ်တွင် ကူဖော်လောင် ဖက် အိမ်ဖော်မလေးတစ်ဦးတလေပင် မရှိသည်ကို သတိရမိသည်။

သူ့မိန်းမက ဘာမှပြန်မပြော။ ရီဝေနွမ်းဖျော့သော မျက်လုံးများ

mgyoe.com

mgyoe.com


နှင့်သာ သူ့ကို တစ်ချက်လှမ်းကြည့်သည်။

"ဒီအသက် ဒီအရွယ်မှာ သိပ်အပင်ပန်းခံလို့ မရတော့ဘူးလေ..."

သူက လေသံကိုထပ်လျှော့ကာ စေတနာစကားနှင့် ထပ်ပြောသည်။ သူနှင့်သားသမီးများ ရုံးသွား၊ ကျောင်းသွားကြလျှင် သူ့မိန်းမ တစ်ဦးတည်း ကျန်ရစ်ရမြဲဖြစ်သည်။ လျှော်လိုက်ဖွပ်လိုက်၊ လှည်းလိုက် ကျင်းလိုက်၊ ချက်လိုက်ပြုတ်လိုက်နှင့် တကုပ်ကုပ် တလှုပ်လှုပ် လုပ်နေတတ်သော မိန်းမကို သူက ပင်ပန်းတတ်လိမ့်မည်ဟုလည်း မထင်မှတ်ခဲ့မိပြန်ချေ။

"အင်းလေ... ဒါက မိန်းမတွေရဲ့အလုပ်ပဲ။ အိမ်ရှင်မတွေရဲ့ အလုပ်ပဲ။ သူက အိမ်အလုပ်လုပ်ရသလို ငါကလည်း စီးပွားရှာရတာပဲ"

သူက တွေးနေကျအတိုင်း တွေးကာ အိပ်ရာမှထသည်။ ခုတင်ခြေရင်းမှ ဆေးဗီရိုကလေးကို ဖွင့်သည်။ အခါတိုင်း ဘယ်သူဘာဖြစ်ဖြစ် သူ့မိန်းမက ထိုဗီရိုကလေးကိုဖွင့်ပြီး လိုအပ်သမျှ သောက်ဆေး၊ လိမ်းဆေးများကို ထုတ်ပေးလေ့ရှိသည်ကို သတိရသည်။ အခု ကိုယ့်ဘာသာကိုယ်ရှာရတော့ ဘယ်ပုလင်း၊ ဘယ်ဘူးကို ဖွင့်ရမည်မသိ။

"ပါရာစီတမောက သုံးလုံးပဲကျန်တော့တယ်။ စီဗစ်ပုလင်းလေးထဲမှာ ညာဘက်ထောင့်က ချပ်စက္ကူဘူးထဲမှာတော့ ဒီလ်ကိုဂျင်တစ်ကတ်ရှိတယ်"

သူ၏အခက်အခဲကိုသိဟန်နှင့် မိန်းမက ခပ်သဲ့သဲ့ လှမ်းပြောသည်။ သူကမ်းပေးသော ဆေးတစ်လုံးကို ရေနှင့်မျှောချပြီး သူ့မိန်းမက ခေါင်းအုံးပေါ် ပြန်လှဲချသည်။

"ခေါင်းကိုမထူချင်ဘူး။ ကိုက်လိုက်တာလည်း အုံနေတာပဲ" ဟုပြောရင်း နားထင်နားရင်းများကို ပရုတ်ဆီနှင့် ပွတ်နေသည်။ ပင်ပန်းနွမ်းလျှဟန်နှင့် ညှိုးမှိန်နေသော မိန်းမကို ငေးကြည့်ရင်း ထိုနေရာတွင်သာ

mgyoe.com

mgyoe.com



မေမိဖြစ်နေလျှင် ပရုတ်ဆီပူပူလေးကို သူကိုယ်တိုင် တယုတယ လိမ်းပေးဖြစ်လေမလားဟု တွေးလိုက်မိသည်။ ထို့နောက် လေထက်လျင်မြန်သောစိတ်က မေမို့ဆီသို့ ချက်ချင်းရောက်သွားသည်။

'မေမိ' ဟု သူ့ရင်ထဲမှာ တိုးတိုးခေါ်မိသည်။ မေမိသည် သူ၏ချစ်သူဖြစ်သည်။ တက္ကသိုလ် မြကျွန်းသာတွင် ပညာရှာစဉ်က ချစ်ခဲ့ရသောချစ်သူဖြစ်သည်။ သူနှင့်မေမိတို့၏အကြောင်းကို သစ်ပုပ်ပင်ကြီးသည်လည်းကောင်း၊ အင်းလျားရေပြင်သည်လည်းကောင်း၊ တက္ကသိုလ်စာကြည့်တိုက်အနီးက ကံ့ကော်ပင်များသည်လည်းကောင်း ကောင်းကောင်းသိခဲ့ကြမည်ဖြစ်သည်။ ထိုချစ်စဖွယ် မိန်းကလေးကို တစ်ဘဝလုံးအတွက်လက်တွဲရန် ရည်ရွယ်ခဲ့သော်လည်း အခွင့်မသာခဲ့ပေ။ အမေက သူ့ကိုသူဌေးသမီး တက္ကသိုလ်ကျောင်းသူနှင့် သဘောမတူဘဲ ဆယ်တန်းသုံးခါကျသော မိန်းကလေးနှင့် လက်ထပ်စေခဲ့သည်။

"သားကောင်မလေးက ချမ်းသာတယ်။ နောက်ပြီး ပညာတတ်တယ်။ ငွေတို့ ပညာတို့ဟာ လူကိုမာနတက်စေတာ အမှန်ပဲ။ ဒါပေမဲ့တချို့က သတိနဲ့ထိန်းနိုင်တယ်။ သူ့မှာတော့ အဲဒီသတိမရှိဘူး။ သူ့မျက်နှာပေါ်မှာရော၊ မျက်လုံးထဲမှာရော မာနတွေ လျှံထွက်နေတာ အမေတွေ့ရတယ်" ဟု အကြောင်းပြခဲ့သည်။

ဟုတ်သည်။ မေမိက အမှန်တကယ်ပင် မာနကြီးလှပေသည်။ အမေ့သဘောထားကို အရိပ်အယောင်ကလေး သိရုံမျှနှင့် ဆတ်ဆတ်ခါနာကြည်းခဲ့သည်။ နိုင်ငံခြားသင်္ဘောလိုက်နေသော သင်္ဘောသားတစ်ဦးနှင့် သူ့ထက် အလျင်ဦးအောင် လက်ထပ်သွားခဲ့လေသည်။ ထိုစဉ်ကသူ့အသည်းတွေ ဖျပ်ဖျပ်လူးအောင် နာခဲ့ရသည်။

"အတန်းပညာ မတတ်ပေမဲ့ အညွန့်လေးက အိမ်ထောင်နိုင်တယ်ကွဲ့။ မိဘမရှိဘဲ အဒေါ်အိမ်မှာနေရတော့ မျက်နှာလေးလည်း ငယ်

mgyoe.com

mgyoe.com


ရှာတယ်။ ငါ့သားကို ရိုရိုသေသေ မြတ်မြတ်နိုးနိုးနဲ့ အိမ်ဦးနတ်လို ကိုးကွယ်မယ့် မိန်းမမျိုး"

ဟုတ်ပါသည်။ အမေပြောသလိုပင် သူ့မိန်းမက သူ့ကို ရိုသေမြတ်နိုးခဲ့သည်ကတော့ အမှန်ပင်။ သူ့ထက် ခြေတစ်လှမ်းမျှမက သုံးလေးငါးလှမ်း နောက်ဆုတ်ပြီး ခပ်ယို့ယို့နေတတ်သည်ကတော့ ရခါစကတည်းကဖြစ်သည်။ အမေ့ကြောင့် ချစ်သူနှင့်လွဲခဲ့ရသော သူကတော့ အမေ့သဘောကျ ချွေးမဖြစ်သောကြောင့်ပင် အတန်ငယ် မျက်မုန်းကျိုးချင်သည်။ အမေ့ကို အတိုက်အခံမလုပ်ချင်တော့ မိန်းမအပေါ်တွင် အခုအခံဖြစ်နေသည်။ မေတ္တာကို အရင်းခံခဲ့လေတော့လည်း သူ့ဘက်မှ ကရုဏာတရားနှင့် အကြင်နာတရား နည်းခဲ့ကြောင်းကိုတော့ ကိုယ့်ကိုယ်ကိုယ် အသိသားပင်။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းခဲ့သော်ငြားလည်း 'ချစ်သည်' ဟူသော စကားကိုတော့ ယနေ့အချိန်ထိ မပြောခဲ့ဖူးသေးချေ။ သူတို့အိမ်ထောင်ရေးသည် ဆားမပါသော ဟင်းချိုကို သောက်ရသလို သူ့ရင်ထဲတွင် ပေါ့ပြက်ပြက် ဖြစ်နေခဲ့လေသည်။

"မိုးတောင် လင်းခါနီးပြီ"

အလင်းရောင် မလာသေးသော်လည်း ကျေးငှက်သံကလေးများကို စိုးစိုးစီစီ ကြားနေရသည်။ အခါတိုင်း ဒီအချိန်ဆိုလျှင် သူ့မိန်းမ အိပ်ရာထဲမှာ မရှိတော့ချေ။ မီးဖိုချောင်တွင် ညင်သာသွက်လက်စွာ လှုပ်ရှားလုပ်ကိုင်နေပြီဖြစ်သည်။ သံဒယ်အိုးနှင့်သံယောက်မ ထိခတ်သော အသံနှင့်အတူ ထမင်းကြော်နံ့၊ ကြက်သားဟင်းနံ့၊ ငါးပိချက်နံ့၊ ပဲကြီးနှပ်နံ့၊ သီးစုံချဉ်ရည်နံ့၊ ချဉ်ပေါင်ကြော်နံ့စသော အနံ့ပေါင်းစုံက အိပ်ရာနားအထိ တိုးဝှေ့ဝင်ရောက်လာတတ်သည်။ သားတို့သမီးတို့ အိပ်ရာမထမီ ဟင်းနံ့ရှူရှိုက်ရင်း သူတို့အမေချက်သော ဟင်းကို မှန်းဆကြည့်တတ်ကြမြဲဖြစ်လေသည်။

mgyoe.com

mgyoe.com


"ထမင်းလည်း မချက်နိုင်တော့ဘူး"

သူ့မိန်းမက ညည်းညူသလိုပြောသည်။ လူကသာ မထနိုင်သော်လည်း စိတ်က မီးဖိုချောင်ရောက်နေသည်။

"ကလေးတွေ ထမင်းဘူးယူနိုင်တော့မှာ မဟုတ်ဘူးကွယ်။ ဝယ်စားလည်း ဝမှာမဟုတ်"

"တစ်နေ့တလေပဲကွာ... သက်သက်သာသာ နေစမ်းပါ"

ဒီတစ်ခါတော့ သူ့အသံက အတန်ငယ် ပျော့ပျောင်းနေသည်။ "မေမိက ထမင်းလည်း မချက်၊ ဟင်းလည်း မချက်တတ်ဘူးနော်။ အဝတ်လျှော်၊ မီးပူတိုက်လည်း လုပ်လိမ့်မယ်မထင်နဲ့"ဟု ပြောလေ့ရှိသော ချစ်သူ၏စကားကိုလည်း တစ်ဆက်တည်း ကြားယောင်နေမိသည်။ ထို့နောက် "ဒါတွေ ဒါတွေကြောင့် အမေက ဒီလို ဒီလို စီစဉ်ခဲ့တာကိုး" ပထမဦးဆုံးအကြိမ်အဖြစ် ရှောရှောရှူရှူ အတွေးပေါက်မိသည်။

ခြောက်နာရီခွဲလောက်ကျတော့ သားတွေသမီးတွေ နိုးလာသည်။ သူတို့အမေကို ခါတိုင်းလို မီးဖိုချောင်တွင် မတွေ့ရတော့ အခန်းထဲသို့ တစ်ဦးပြီးတစ်ဦး ရောက်လာကြသည်။ ခေါင်းကို လက်ကိုင်ပဝါနှင့် တင်းတင်းစည်းကာ သက္ကလတ်စောင်ကြီး ပိန်းနေအောင် ခြုံထားသော မိခင်ဖြစ်သူအား တအံ့တသြ ဝိုင်းကြည့်နေကြလေသည်။

"မေမေ ဖျားတယ်တဲ့"

"အေးလေ ဘာလို့များ ဖျားတာလဲမသိဘူး"

"အရင်တုန်းက မဖျားဖူးပါဘူးနော်"

သားတွေ သမီးတွေကလည်း သူ့လိုပင်ဖြစ်နေပုံရသည်။ သူတို့အမေကို သံတွေသံခဲကြီးဟုများ ထင်နေသလားမသိ။ ဖျားတတ်နာတတ်လိမ့်မည်ဟု ထင်ထားကြပုံ မရပေ။ သမီးကြီးကသာ...

"မေမေ ဘာဆေးသောက်ပြီးပြီလဲ"ဟု မေးကာ ကော်ဖီပြေးဖျော်

mgyoe.com

mgyoe.com


သည်။ ငါးတန်းရောက်နေပြီဖြစ်သော သမီးအငယ်ဆုံးကလေးကတော့ သူ့အနားကပ်ကာ...

"ဖေဖေ"

"မေမေက သေမှာလားဟင်" ဟု ငိုမဲ့မဲ့လေး မေးလေသည်။ သမီးက ကလေးစိတ်နှင့် မေးလိုက်သော်လည်း သူ့ခေါင်းထဲတွင်တော့ လျှပ်စီးတွေ ပြိုးပြိုးပြက်ပြက်လက်ပြီး မိုးပြိုတော့မလို ဖြစ်သွားသည်။

"ကြောင်အိမ်ထဲမှာ ငါးဖယ်ဆုပ်ဟင်းလေး ရှိတယ်။ အုပ်ဆောင်းအောက်မှာတော့ ထမင်းကြမ်းဇလုံရှိတယ်။ ကလေးတွေကို ကြည့်ကျွေးလိုက်နော် သမီး။ အမေ ပဲပြုတ်လည်း မဝယ်ဖြစ်ဘူး။ ထမင်းလည်း မကြော်ဖြစ်ဘူး"

သူ့ခေါင်းသူ မထူနိုင်သော်လည်း နှုတ်ကတော့ စီစဉ်နေသေးသည်။ အသံကတော့ သိပ်မထွက်။ ပျော့နဲ့နဲ့ဖြစ်နေလေသည်။ သမီးငယ်ပြောသလို သူသေသွားရင်များ ဘယ်လိုလုပ်ကြမလဲ။

ခြေထောက်တွေလက်တွေ မသယ်နိုင်တော့သလို စင်းစင်းကြီးလှဲနေသော သူ့မိန်းမကိုငေးကြည့်ရင်း သူက ကယောင်ချောက်ချား အတွေးပွားနေမိသည်။ ရုပ်ရှင်ကြည့်ချင်သည်ဟုလည်းကောင်း၊ ရွှေပါတိတ်ကြိုက်သည်ဟူ၍လည်းကောင်း၊ စိန်နားကပ် ပန်ချင်သည်ဟူ၍လည်းကောင်း၊ မော်တော်ကား စီးချင်သည်ဟူ၍လည်းကောင်း တစ်ခါမျှ မပြောခဲ့ဖူးသော မိန်းမ၊ သူထမင်းစားလျှင် ဘေးမှ လိုသလို ဖြည့်ဆည်းပေးကာ ယပ်ခတ်ပေးနေတတ်သော မိန်းမ၊ သူ့ဘာသူသာ ဆယ်တန်းသုံးခါကျခဲ့သော်လည်း သမီးတို့ သားတို့ကို ခုနစ်တန်း၊ ရှစ်တန်းလောက်အထိ သင်္ချာတွေ ရှင်းလင်းသင်ပြပေးနေတတ်သော မိန်းမ၊ ထိုမိန်းမသာ ရုတ်တရက် ကွယ်ပျောက်သွားခဲ့မည်ဆိုလျှင် သူက ရှေ့ကိုဆက်၍ပင် မတွေးရဲဘဲ ချွေးတွေပြန်လာသည်။

mgyoe.com

mgyoe.com



"မေမေ စိတ်ချလက်ချနေပါ မေမေရဲ့။ သမီး ဒီနေ့ကျောင်းဖျက်လိုက်မယ်"

သမီးကြီးက သူ့ဘာသာသူ စိစဉ်သည်။ သမီးကြီးက အသက် ၁၅ နှစ်ကျော်နေပြီး ကိုးတန်းလည်း ရောက်နေပြီမို့ အတော်လေးအားကိုးနေရပြီဖြစ်သည်။ ခုတင်ပေါ်တက်ပြီး သူတို့အမေဘေးတွင် ငုတ်တုတ်ကလေးတွေ ထိုင်နေကြသော အလတ်နှစ်ကောင်နှင့် အငယ်မလေးကို မီးဖိုချောင်ခေါ်သွားသည်။ ထမင်းကြမ်းခဲကြီးက အေးစက်စက်နှင့်မို့စား၍ မကောင်းလှသော်လည်း အငယ်တွေက ဘာမှမပြောကြချေ။ မျက်နှာငယ်ငယ်ကလေးတွေနှင့် ဝင်သလောက်သာ တိတ်တိတ်ဆိတ်ဆိတ် စားသွားကြသည်။ သူကတော့ ဟိုလျှောက်လိုက် သည်လျှောက်လိုက်နှင့် ယောင်ပေပေဖြစ်နေသည်။ ထမင်းစားပွဲပေါ်တွင် အဆင်သင့်တွေ့နေကျ ထမင်းကြော် ပူပူနွေးနွေးကလေးကိုလည်းကောင်း၊ လှော်ခြောက်နံ့မွှေးနေသော ရေနွေးကြမ်းအိုးကလေးကိုလည်းကောင်း မတွေ့ရသေးတော့ ရေတစ်ခွက်သောက်ကာ ပြန်ထွက်လာရသည်။

"ကလေးတွေကို မုန့်ဖိုးပိုပေးလိုက်တယ်။ ဖေဖေလည်း ထမင်းဘူးပါမှာ မဟုတ်တော့ဘူးနော်"

စောင်တွေခေါက်သိမ်းနေသော သမီးက ပြောသည်။

"ရပါတယ်သမီးရယ်...။ ဖြစ်သလိုပေါ့"

သူက အခန်းထဲပြန်ဝင်လာကာ မိန်းမ၏နဖူးကို စမ်းကြည့်ပြန်သည်။ ဒါကလွဲလို့လည်း မလုပ်တတ်။

"အသားတွေက ခြောက်ပြီးပူနေတာပဲ။ ဆရာဝန်တစ်ယောက်တော့ ပြမှထင်တယ်"

"ရပါတယ်။ ညနေမှ မသက်သာရင် အိချိုကို ခေါ်လိုက်မယ်လေ"

သူ့မိန်းမက သူ့ကို ခပ်နွမ်းနွမ်းပြုံးပြရင်း ပြောသည်။ အိအိချိုသည်

mgyoe.com

mgyoe.com


တစ်လမ်းကျော်တွင်နေသော ဆရာဝန်ပေါက်စမလေး ဖြစ်သည်။ သူ့မိန်းမ၏အစ်မဝမ်းကွဲက မွေးသည်မို့ ဆွေမျိုးစပ်လျှင် တူမနှစ်ဝမ်းကွဲတော်သည်။ ထို့ကြောင့် အိအိချိုကို အိမ်ခေါ်လျှင် ခြေကြွခပေးစရာမလိုချေ။ တစ်ခါတလေ ကံကောင်းလျှင် သူ့မှာရှိသော ဆေးများကိုပင်ပေးသွားတတ်သေးသည်။ သူ့မိန်းမကလည်း အိမ်မှာလုပ်သော သရက်သီးသနပ်တို့၊ ငါးပိကြော်တို့ကို နိုက်ဂျူတီကျလျှင် စားရန်အတွက် အိအိချိုဆီသို့ ပို့ပေးတတ်မြဲဖြစ်သည်။

ရှစ်နာရီထိုးခါနီးတော့ သူ ရေချိုးသည်။ ရေချိုးခန်းကထွက်လာတော့ အခါတိုင်းလို မွှေးပွတဘက်ကြီး ကမ်းပေးသော မိန်းမကို မတွေ့ရ။ ခုတင်ပေါ်တွင် အဆင်သင့်တင်ထားနေကျ လည်ကတုံးရှပ်လက်ရှည်အဖြူနှင့်အတူ အဆင်သင့်ဖြန့်ပြီး လွှားထားသော ပုဆိုးကိုလည်း မမြင်ရ။ အဝတ်ဗီရိုဖွင့်ကာ ကိုယ့်အင်္ကျီကိုယ်ဆွဲထုတ်ရင်း "အရင်က ငါ့အင်္ကျီကိုတောင် ငါထုတ်စရာ မလိုခဲ့ပါလား" ဟု တွေးနေမိသည်။

ရုံးမသွားခင်တော့ မိန်းမ၏နဖူးကို တစ်ခါထပ်ပြီး စမ်းကြည့်မိပြန်သည်။

"ဒီနေ့ ဘာစားမလဲ"

"ညနေ ဘာဝယ်ခဲ့ရမလဲ"

"နေရတာ သက်သာရဲ့လား..."

"ခေါင်းတွေရော သိပ်ကိုက်နေလားဟင်" စသည့် အကြင်နာစကားလေးတစ်ခုခု ပြောဖို့ကောင်းမှန်းသိသော်လည်း ပြောရန်လည်း စိတ်ကူးသော်လည်း ဘာဆိုဘာမှ မပြောဖြစ်ခဲ့ချေ။

ရှစ်နာရီခွဲခါနီးတော့ ကားဂိတ်ကို ခပ်သုတ်သုတ် ထွက်ခဲ့သည်။ သူက အရာရှိငယ်မို့ ရုံးကားသီးသန့်မရသေးချေ။ ရုံးကြိုရုံးပို့လုပ်သော ရုံးကားတော့ရှိသည်။ လမ်းထိပ်စုရပ်သို့ အချိန်မီရောက်ရန်တော့

mgyoe.com

mgyoe.com



လိုသည်။

ဒီနေ့တော့ အဆင်မပြေလှချေ။ အစည်းအဝေးဖိုင်တွဲ မေ့ကျန်ခဲ့သဖြင့် လမ်းတစ်ဝက်ရောက်ကာမှ ပြန်လှည့်လာရသည်။ ခါတိုင်း သူရုံးသွားခါနီးတိုင်း လိုအပ်မည်ထင်သမျှ ပစ္စည်းပစ္စယများကို သူ့မိန်းမက အမှတ်တရ စုဆောင်းပေးထားတတ်သည်ကို သတိရသည်။ ဖိုင်ယူပြီး ခပ်သုတ်သုတ် ပြန်လာသော်လည်း ရုံးကားထွက်ခါနီးပြီမို့ မမီတော့ချေ။ နေ့လယ်ကျလျှင်လည်း ထမင်းဝယ်စားရဦးမည်ဖြစ်၍ အငှားကားစီးရန် နှမြောပြီး ဘတ်စ်ကားကျပ်ကျပ်ကို အတင်းတိုးဝှေ့စီးခဲ့သည်။ ရုံးကို ဆယ်နာရီကျော်မှ ရောက်ကာ ချွေးလည်းနစ်နေသည်။

"မောင်အေးရေ… ထမင်းကြော်ဖြစ်ဖြစ်၊ တစ်ခုခု ဝယ်ချေစမ်းကွာ" ဟု ခိုင်းရင်း ရှပ်အင်္ကျီအိတ်ထဲမှ သားရေပိုက်ဆံအိတ်ကလေးကိုသာ စမ်းမိသည်။ ငွေတစ်ထောင်ကျော်သာမက သာမညဆရာတော်ကြီး၏ ဓာတ်ပုံကိုပါ ခါးပိုက်နှိုက်လစ်သွားပြီဖြစ်သည်။

"ငါတော့ မြိုင်ရာဇာတွတ်ပီလို ဒီနေ့ကံမကောင်းပါလားကွယ်လို့ ရွတ်ရတော့မယ် ထင်တယ်"

ညနေကျတော့ စိတ်လက်မကြည်မသာနှင့် အိမ်ပြန်လာရသည်။

"နင်တို့အမေ သက်သာလား…"

"ကိုယ်တွေတအားပူနေလို့ နေ့ခင်းက ရေခဲတင်ပေးရသေးတယ်"

"အိအိချို သွားမခေါ်ဘူးလား သမီးရယ်"

"လာကြည့်ပြီးပြီ။ ဆေးတွေ ဝယ်ခိုင်းသွားတယ်"

"ဘာဖြစ်တာလဲ"

"ပန်းဖျား ဖျားတာပါလို့ပြောတယ်။ သွေးအားနည်းနေတယ်။ သိပ်ပြီး အပင်ပန်းမခံပါနဲ့တဲ့။ အားဖြစ်တာ စားပါတဲ့…။ မစိုးရိမ်ပါနဲ့လို့တော့ ပြောတာပဲ"

mgyoe.com

mgyoe.com


မစိုးရိမ်ပါနဲ့ဆိုသော်လည်း သမီးကြီးက စိုးရိမ်နေဟန်ရှိသည်။ သူတို့အမေကို ဒီလိုအနေအထားနှင့် တစ်ခါမျှမတွေ့ဖူးတော့ အငယ်လေးတွေလည်း မျက်နှာမကောင်းကြချေ။ အခါတိုင်း ဆူဆူညံညံ ခုန်ပေါက်ကစားတတ်သော အလတ်နှစ်ကောင်ပင် ငြိမ်ငြိမ်ကုပ်ကုပ်ကလေးတွေ ဖြစ်နေကြသည်။

"ပန်းဖျားဆိုတာ ပင်ပန်းလို့ဖျားတာတဲ့။ မမကြီးက ပြောတယ်"

"ဟုတ်တယ် မေမေက အရမ်းပင်ပန်းတာကို"

"နောက်ပြီး အားနည်းနေတယ်တဲ့"

"နည်းမှာပေါ့။ မေမေက ဟင်းမှမစားတာ...။ ဟင်းမကြိုက်လို့လား မသိဘူး"

"မကြိုက်ဘဲနေမလား ဟကောင်ရ။ မင်းပန်းကန်ထဲမှာ ဟင်းကုန်သွားတိုင်း အမေက မစားဘဲ သူ့ပန်းကန်ထဲကနေ လှမ်းထည့်ပေးနေတာ"

"အောင်မာ ကိုကိုလည်း အတူတူပါပဲ။ သားချည်းပဲ မဟုတ်ပါဘူး"

အလတ်နှစ်ကောင်က စာကျက်ရင်း တီးတိုးတီးတိုး ပြောနေကြသည်။ အင်း ငါလည်း အတူတူပါပဲ။ သူက စိတ်ထဲမှတွေးရင်း သက်ပြင်းကို မသိမသာရှိုက်လိုက်သည်။ သူ့ပန်းကန်ထဲသို့ ကြက်ရင်ပုံ၊ အသည်းအမြစ်နှင့် ငါးမြင်းဗိုက်သားတို့ကို ထည့်ပေးတတ်သောမိန်းမ၊ ငါးခူနှင့် ငါးကျည်းကြော်လျှင် အရိုးမပါအောင် ဘေးမှထိုင်ပြီး အရိုးနွှင်ပေးတတ်သောမိန်းမ၊ သူ့ကို စားဦးစားဖျား သီးသန့်ကျွေးပြီး ကလေးတွေနှင့်အတူ နောက်ချန်စားတတ်သော မိန်းမ။ ထိုမိန်းမသည် သူ့ဗိုက်အတွက်တော့ သူ လျှော့ပေါ့ပြီး စားနေလိမ့်မည်ဟု ယခင်က မတွေးမိခဲ့ချေ။

"ညနေစာကတော့ ထမင်းနဲ့ဘဲဥကြော်ပဲ ဖေဖေ။ ဒါတောင် မီးမလာလို့ မီးသွေးမီးဖိုမွှေးပြီး ချက်ထားရတာ..."

သမီးကြီး၏ဆံပင်တွင် ပြာမှုန့်တွေ လူးပေနေသည်။ မျက်နှာဆီ

mgyoe.com

mgyoe.com


ပြောင်သားနှင့် ပင်ပန်းနေဟန်ရှိသည်။ လက်ခုံတွင်လည်း ထမင်းရည်ပူလောင်ကာ နီရဲနေသည်ကို တွေ့ရသည်။

ညနေထမင်းဝိုင်းကတော့ ခြောက်သွေ့နေသည်။ သမီးကြီးက သူ့အမေနား စောင့်ပေးနေစဉ် သူက ခါတိုင်းလို တစ်ဦးတည်းမစားတော့ဘဲ အငယ်သုံးဦးနှင့်အတူ စားလိုက်သည်။ သမီးကြီးခမျာ တပင်တပန်းနှင့် ကြိုးစားပမ်းစား ချက်ထားသော်လည်း ထမင်းရည်မစင်သော ထမင်းက ပျော့ပြဲပြဲဖြစ်နေသည်။ ဆားမပါသော ဘဲဥကြော်ကလည်း စား၍မကောင်းလှချေ။ အစားမက်သော သားလတ်နှစ်ကောင်က ကြိတ်မှိတ်ပြီး စားနေကြသော်လည်း အငယ်မလေးက မစားနိုင်။ ထမင်းတစ်လုတ်ပြီးတိုင်း "မေမေချက်သလိုလည်း မကောင်းဘူး" တစ်ခါပြောတတ်သည်။ သူ့အစ်မကြားသွားမှာစိုး၍ ကျယ်ကျယ်လည်း မပြောရဲရှာပေ။

နောက်တစ်နေ့ကျတော့ စနေနေ့မို့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည်။ သမီးကြီးက အမေ့ကိုယ်စား ဈေးသွားပြီး အငယ်တွေက အိမ်ရှင်းကြသည်။

"ငါးခူဝယ်လာတယ်။ ငါးကြော်ဆိုတော့ မေမေလည်း ဆန်ပြုတ်လေးနဲ့ သောက်လို့ရတာပေါ့"

သမီးကြီးက ဆွဲခြင်းကလေး တယမ်းယမ်းနှင့် မီးဖိုချောင်ဝင်သွားသည်။ ခဏနေတော့ ငယ်သံပါအောင် အော်သံကို ကြားရသည်။ မီးဖိုချောင်ထဲ မြွေများဝင်လေပြီလားဟု စိုးရိမ်တကြီး ပြေးလာသူများမှာ ဖရိုဖရဲမှောက်နေသော ခြင်းတောင်းနှင့်အတူ တဖျပ်ဖျပ်ခုန်နေသော ငါးများကို တွေ့ရသည်။ သားလိုးစားကြီးကိုင်ထားသော သမီးကမူ ငါးတွေကို ကြွေ့ကာပတ်ကာရှောင်ရင်း အသံကုန်အော်နေသည်။

နောက်ဆုံးတော့ အသေထင်ပြီး ဝယ်လာသော မသေမရှင်ငါးခူငါးကောင်ကို ပုဇွန်တောင်ချောင်းထဲ ပြန်လွှတ်ပြီး ဘဲဥကြော်နှင့် စခန်း

mgyoe.com

mgyoe.com


သွားကြရပြန်သည်။ ဒီနေ့ကျတော့ အပြောင်းအလဲလေးနှင့် ဖြစ်၏။ ထမင်းကမာပြီး ဘဲဥက ငန်နေသောကြောင့် ဖြစ်လေသည်။

နေ့ခင်းကျတော့ အလတ်နှစ်ကောင်က ဆပ်ပြာရည်စိမ်ထားသော အဝတ်များကို မောင်နှမတစ်တွေ လျှော်ကြသည်။ ထို့နောက် ဆူညံပူညံတွေ ထွက်လာပြန်သည်။ သားနှစ်ကောင်က သူတို့၏စပို့ရှပ်နှစ်ထည်ကို ကျောင်းအင်္ကျီဖြူများနှင့် ရောပြီး စိမ်ထားသောကြောင့်ဖြစ်သည်။

"ကုန်ပါပြီဟယ်...။ ငါ့မှာ ကျောင်းအင်္ကျီအကောင်းက နှစ်ထည်ပဲရှိတာဟဲ့"

သမီးကြီးက အော်သည်။

"သားတို့အင်္ကျီတွေလည်း စွန်းတာပါပဲ မမကြီးရ"

သားတွေက လျှောက်လဲချက်ပေးသည်။

"သမီးကျောင်းအင်္ကျီလေးလည်း စွန်းသွားပြီ။ ရင်ဘတ်မှာ အနီရောင်ကြီး"

သမီးငယ်က ငိုသည်။ ထို့ကြောင့် သူက "ငါ့ရဲ့လည်ကတုံးရှပ်လက်ရှည်လေးလည်း သွားပါပြီကွာ" ဟု ဝင်ပြီး ညည်းမနေတော့ပေ။

သုံးရက်လုံးလုံး အပြင်းဖျားပြီးကာမှ သူ့မိန်းမ အဖျားကျလာသည်။ နဂိုကမှ မဝရသည့်အထဲ ပို၍ပိန်သွားသည်။ အခုမှပင် ဂရုတစိုက်ကြည့်မိတော့ နားသယ်ဆံစတွေလည်း ဖြူစပြုနေပြီကို တွေ့ရသည်။

တစ်အိမ်လုံးမှာလည်း ဖုန်အလိမ်းလိမ်းတက်ကာ ကမောက်ကမတွေလည်း အတော်ဖြစ်ပြီးနေပြီ ဖြစ်သည်။

"ဒီတစ်ခါ အမေနေကောင်းရင် အရင်တုန်းကလို အပင်ပန်းမခံနဲ့တော့နော်။ အဝတ်တွေကို သားတို့က ကူလျှော်မယ်"

သားနှစ်ယောက်က သူတို့အမေကို အကြင်နာစကားဆိုကြသည်။

"ပန်းကန်ဆေးစရာတွေကို စုထား။ သမီးကျောင်းကပြန်တော့

mgyoe.com

mgyoe.com



ဆေးပေးမယ်နော်"

သမီးငယ်က ပြောသည်။

"ကြမ်းတိုက်ဖို့နဲ့ မီးပူတိုက်ဖို့ကိုတော့ သမီးတာဝန်ထား"

သမီးကြီးက တာဝန်ယူသည်။

နားထင်နားရင်းတွေကျကာ နွမ်းလျနေသော မိန်းမသည် သူ့သား သမီးတွေကို တစ်လှည့်စီကြည့်ရင်း မသိမသာ မျက်ရည်တွေလည်လာ သည်။ ထို့နောက်...

"ခဏတစ်ဖြုတ် နေမကောင်းတာပါကွယ်။ အမေလုပ်နိုင်ပါတယ် ကလေးတို့ရဲ့" ဟု ပြုံးယောင်ယောင်နှင့် ပြောသည်။ သူကတော့... အင်း... သူကတော့ သားသမီးတွေ ကွယ်ရာကျမှသာ ခပ်တိုးတိုးပြော ဖြစ်သည်။

"သိပ်လည်း အပင်ပန်းမခံပါနဲ့ မိန်းမရယ်။ မင်းမရှိရင် အစ်ကို ဘယ်လိုနေရမလဲ"

ကြားလိုက်သောစကားကို သူ့မိန်းမက ယုံဟန်မရှိ။ သူ့ကို တအံ့ တဩ လှမ်းကြည့်သည်။ သူက နူးညံ့နွေးထွေးစွာ ပြုံးပြလိုက်တော့ ပိုပြီး အံ့ဩသွားဟန်ရှိလေသည်။

'အစ်ကိုတို့တစ်မိသားစုလုံး သာယာပျော်ရွှင်အောင်၊ လုံခြုံနွေးထွေး အောင် မင်း ဘယ်လိုအနစ်နာခံပြီး စွမ်းဆောင်နေရသလဲဆိုတာ အရင်က လေးလေးနက်နက် မတွေးခဲ့မိဘူး။ အခုမှပဲ တစိမ့်စိမ့်တွေးပြီး ကျေးဇူး တင်မိတယ်။ နောက်ပြီး နောက်ပြီး"

သူက ရုတ်တရက် ပြောမထွက်ဘဲ ထစ်ငေါ့နေသည်။ သူ့ကိုငေး ကြည့်နေသော မိန်းမကမူ သူ့မျက်လုံးထဲတွင် တစ်သက်လုံး မျှော်လင့် စောင့်စားနေခဲ့သော တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိသွားဟန်ရှိလေသည်။

"တကယ်လားဟင်... ဒါတကယ်လား..."

mgyoe.com

mgyoe.com


သူ့မိန်းမက မယုံသလိုနှင့် သူ့ကို တိုးတိုးလေးမေးသည်။ ညှိုးမှိန်နေသော မျက်လုံးများသည် အရည်လည်ကာ အရောင်တဖျပ်ဖျပ် မြူးလာသည်။ ထို့နောက် သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုရှာလေသည်။

အမျိုးသမီးရေးရာမဂ္ဂဇင်း ၂၀၀၀ ခုနှစ်။

❑

mgyoe.com

mgyoe.com

# သူကုသိုလ်

သူတို့မှာ မောင်နှမငါးယောက်ရှိသည်။

ပြောရမှာတော့ သိပ်မကောင်း။

ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည် ရှိမည်ကို သိသော်လည်း ခပ်သာသာ ခပ်ဖွဖွလေးတော့ ထောင်းချင်သေးသည်။ အဲ ပြောချင်သေးသည်။

တစ်အူထုံ့ဆင်း မောင်နှမအရင်းခေါက်ခေါက်တွေ ဖြစ်သော်လည်း အသက်တွေကြီးလာတော့ တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီးမတည့်ချင်တော့...။ သူစိမ်းတွေကလည်း အသီးသီး ဖက်လာပြီ မဟုတ်လား။

* * *

မောင်နှမငါးယောက်တွင် သူက အလယ်တည့်တည့် နံပါတ်သုံး ဖြစ်လေသည်။

သူ့အထက်တွင် အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်၊ သူ့အောက်တွင် ညီတစ်ယောက်၊ ညီမတစ်ယောက် စုစုပေါင်းတော့ ငါးယောက်။ ထိုငါးယောက်၏ ယောက်ျားတွေ၊ မိန်းမတွေကို ထည့်

mgyoe.com

mgyoe.com


တွက်လိုက်တော့ စုစုပေါင်း ဆယ့်တစ်ယောက်ဖြစ်သည်။ တကယ့် တကယ်က ဆယ်ယောက်သာ ဖြစ်သင့်သော်လည်း သူ့ညီက မိန်းမနှစ်ယောက်ကို တစ်ပြိုက်နက် ယူထားသောကြောင့် တစ်ယောက်ထပ်တိုးပြီး ဆယ့်တစ်ယောက် ဖြစ်သွားခြင်းဖြစ်သည်။

ထိုဆယ့်တစ်ယောက်က ပါးစပ်ဆယ့်တစ်ပေါက်ရှိလေတော့ လေသံဆယ့်တစ်မျိုး ထွက်လေသည်။ မယားညီအစ်ကိုချင်း၊ လင်ညီအစ်မချင်း၊ ယောက်ဖချင်း၊ ယောက်မချင်း စကားပြောအဆင်မပြေတာလေးတွေ၊ မကျေနပ်တာလေးတွေ ရှိသည်မှအစ တစ်ခါတစ်ရံတော့ မောင်နှမချင်းပင် ခပ်တန်းတန်း ဖြစ်ချင်သည်။

သူကတော့ မောင်နှမငါးယောက်တွင် အလယ်နေရာ ရထားသူမို့ အကြီးနှစ်ယောက်နှင့်လည်း သိပ်မတွဲဖြစ်။ အငယ်နှစ်ယောက်နှင့်လည်း သိပ်မတွဲဖြစ်ဘဲ ကြားထဲတွင် ချောင်နေလေသည်။ စီးပွားရေးအားဖြင့်လည်း သူက မပြေလည်ဆုံးဆိုတော့ ကိုယ့်အားငယ်စိတ်နှင့်ကိုယ် ခပ်အေးအေးနေတာလည်း ပါမည်ထင်သည်။ မိန်းမချင်းယှဉ်လိုက်လျှင်လည်း သူ့မိန်းမက အရိုးသားဆုံး၊ အအေးဆုံးဖြစ်မည်ထင်သည်။

စကားလှအောင် ရိုးသည်၊ အေးသည်ဟု ပြောရသော်လည်း 'အ'သည်၊ 'န'သည်ဟု ပြောရလျှင် ပိုပြီး မှန်လိမ့်မည်ထင်သည်။ အစ်ကိုကြီး၏မိန်းမက အလယ်တန်းပြဆရာမ ဖြစ်သည်။

ညီငယ်၏မိန်းမကြီးကတော့ ကြုံလျှင်ကြုံသလို ပွဲစားလုပ်သည်။ စိန်ပွဲစား၊ ရွှေပွဲစား၊ ကားပွဲစား၊ အိမ်ပွဲစား၊ မြေပွဲစား၊ ဘာပစ္စည်းရောင်းမည်ကြားကြား သူက နားစွင့်ထားတတ်သည်။ ဘာပစ္စည်းလိုချင်သည်ပြောပြော သူက ဆက်သွယ်ပေးတတ်သည်။

ဒါကလည်း တကယ့် ပညာတစ်မျိုးပင်။ ဒီလိုပညာမျိုးကို ဘယ်တက္ကသိုလ်ကမှ သင်ပြီး ဘွဲ့ပေးလိုက်သည်မဟုတ်။ သူ့ပါရမီနှင့်သူမှ

mgyoe.com



လုပ်တတ်ကိုင်တတ်ခြင်း ဖြစ်လေသည်။

မိန်းမအငယ်ကတော့ ငွေမရှာတတ်သော်လည်း အထိန်းအသိမ်း၊ အချက်အပြုတ်ကောင်းသည်။ ကြက်သားတစ်မည်တည်းကို ဆီပြန်ဟင်းရော၊ အစိမ်းကြော်ရော၊ ဆယ့်နှစ်မျိုးဟင်းချိုရော ရအောင် ချက်ပြုတ်တတ်သည်။ ကိုယ့်အင်္ကျီကိုယ် ချုပ်ဝတ်သည်။ လင်လုဖက်ချင်း အကြီးနှင့်အငယ် တစ်ခါတစ်ရံ ရန်ဖြစ်ကြ၊ သတ်ကြ၊ ပုတ်ကြသော်လည်း တစ်ခါတစ်ရံတော့ အကြီးအတွက် အင်္ကျီကို အငယ်က ကော်ကပ်ပြီး အကျအန ချုပ်ပေးတတ်လေသည်။ အကြီးကလည်း "ငါ့ညီမချုပ်တဲ့ အင်္ကျီက သိပ်ပြီးပုံကျတာ" ဟု လေချိုသွေးလေးနှင့် ခိုင်းတတ်လေသည်။

"မိန်းမကိုက ရှစ်စပ်က လည်နေတာ" ဟု အစ်ကိုကြီး၏မိန်းမက ကွယ်ရာမှာ မှတ်ချက်ချဖူးသည်။ ဆရာမ မပီသဘူးပဲဆိုဆို၊ ရှစ်စပ်က လည်သည်ဆိုဆို သူတို့ ဝင်ငွေအသီးသီး ရှာတတ်ကြတော့ ဝက်သား တစ်ပိဿာ သုံးဆယ်ဈေး၊ ဆီတစ်ပိဿာ လေးဆယ်ဈေး၊ ဆန်တစ်တင်း တစ်ရာဈေးကို ရင်ဆိုင်နိုင်ကြသည်ကတော့ အမှန်ပင်။

ခက်သည်က အိမ်ကမိန်းမ ဖြစ်သည်။ အစ်ကိုကြီးမိန်းမလို ဘွဲ့ရ ပညာတတ်လည်း မဟုတ်။ ညီငယ်မိန်းမအကြီးလို လည်လည်ဝယ်ဝယ် လည်း မဟုတ်။ အငယ်လို အချက်အပြုတ်၊ အချုပ်အလုပ်လည်း မကောင်း။ အိမ်မှာ ကုန်စုံဆိုင်လေး ဖွင့်ထားတုန်းကလည်း မှန်မှန်ကန်ကန် တွက်ချက်ပြီး ငွေမအမ်းတတ်။ ဝယ်သူများကလည်း လိုလာလျှင် လာလာပြန်တောင်းသည်။ ပိုသွားတော့ ဆယ်ယောက်တစ်ယောက်ပင် ပိုငွေ လာပြန်ပေးကြသည် မဟုတ်။ သည်လိုနှင့် တစ်နေ့တစ်နေ့ ငွေလေးငါးခြောက်ရာပျောက်ကာ အရင်းပြုတ်ခဲ့ရသည်။

အချုပ်အလုပ်ကျတော့လည်း ကလေးဘောင်းဘီကိုပင် ပုံကျပန်းကျ ချုပ်တတ်သူမဟုတ်ပေ။ ခြင်ထောင်ပြဲ၊ စောင်ပြဲ၊ အိပ်ရာခင်းပြဲ၊

mgyoe.com

mgyoe.com


ပုဆိုး ထဘီပြသည်များကိုတော့ စိတ်ရှည်လက်ရှည် အပ်စောင်းထိုးပြီး ညီညီညာညာ လှလှပပ ပြန်ချုပ်တတ်လေသည်။ သည့်အပြင်တော့ ပိုမချုပ်တတ်ရှာပေ။ ဟင်းဆိုတော့လည်း မန်ကျည်းရွက်ကို သနပ်ရွက်လေးနှင့် ချဥ်ရည်ချက်၊ ခရမ်းသီးလေးသုပ်၊ ငါးပိထောင်းလေးထောင်း၊ ပဲတောင့်ရှည်လေးပြုတ်ပြီး ပါးပါးလှီးကာ ပြန်၍သုပ်သည်နှင့် တတ်သမျှ မှတ်သမျှတော့ စားကောင်းအောင် စီမံတတ်သည်။

သူ့လခ လေးရာလောက်ရသော်လည်း သားသမီးက သုံးယောက်၊ သူတို့ကနှစ်ယောက် စုစုပေါင်း ငါးယောက်ဆိုတော့ အပျိုဘဝက ကြက်သား၊ ဝက်သား ချက်တတ်ခဲ့လျှင်တောင် ချက်နည်းမေ့လောက်ပြီ ထင်သည်။ ဝင်ငွေက လေးရာ၊ ပါးစပ်က ငါးပေါက်၊ အပိုဝင်ငွေကလည်း မရှိပါဘဲနှင့် ကြက်သားမှချက်ချင်သော မိန်းမနှင့်ရလျှင်လည်း အခက်ပင်။ ဒီတော့လည်း ကြံဖန်ပြီး ကိုယ့်ဘဝကိုယ် ကျေနပ်နေရလေသည်။

သူ့မိန်းမက ပညာမတတ်သော်လည်း အပိုစကား သိပ်မပြောတတ်၊ မညည်းညူတတ်သော ပါးစပ်ကလေးတစ်ပေါက်တည်းနှင့်ပင် တော်လေးဝဝင်နေပြီဟု သူက ကြံဖန်ပြီး ဂုဏ်ယူချင်သည်။ ဒီလိုအရည်အချင်းမျိုးက မိန်းမတစ်ရာလျှင် တစ်ယောက်ပင် ရှိနိုင်မည်မထင်။

ဒီလို မညည်းတတ် မညူတတ်သော ပါးစပ်က ညည်းလာပြီဆိုလျှင်လည်းတော့ အတော်လေး အခြေအနေဆိုးနေပြီကို သိသာနိုင်သည်။

"အိမ်မှာတော့ အကုန်ပြုတ်ပြီအစ်ကို။ ဆီစာအုပ်ပေါင်ရအောင်ကလည်း နောက်လကျရင် သကြားလေး၊ ဆပ်ပြာလေး၊ ရေနံဆီလေးများ ရနေရင် နှမြောစရာ"

မနက်တုန်းက မြင်းခွာရွက်များကို ပါးပါးလှီးနေရင်း ခပ်တိမ်တိမ် ပြောသည်။ "မြင်းခွာရွက်သုပ်ကို ဆီချက်ကလေး များများထည့်သုပ်စမ်းပါကွာ" ဟု ပြောမလို့ ပြင်ထားသော ပါးစပ်ပင် အလိုလိုပိတ်သွားသည်။

mgyoe.com

mgyoe.com


သူ့မိန်းမ 'အ'သည်ဟု ဆိုရသော်လည်း ပြည်သူ့ဆိုင်မှ ရံဖန်ရံခါရတတ်သော ဒူးယား၊ နို့ဆီ၊ သကြား၊ ရေနံဆီ စသည်များကို အမြတ်နှင့်ပြန်ပြီး ရောင်းစားတတ်သည်။

ဒါလည်း ထူးထူးခြားခြား ကြိုးပမ်းပြီး ရောင်းစရာမလိုပေ။ ဆိုင်ရှေ့တွင်ပင် အမြတ်ပေးကောက်သူများက အဆင်သင့်ရောက်နေတော့ သူတို့လက်ထဲပစ္စည်းထည့်ပြီး သူတို့ပေးသောငွေ ယူလာရုံသာမို့ တပင်တပန်းလာစောင့်နေသူများကို "ကျေးဇူးတင်စရာကောင်းလိုက်တာ အစ်ကိုရယ်" ဟု တစိမ့်စိမ့် ကျေးဇူးတင်နေတတ်သူ ဖြစ်လေသည်။

"သမီးဖိနပ်လည်း ပြတ်ခါနီးပြီ အဖေ"

"နင်ကလည်း ပြတ်လိုက်ရတဲ့ဖိနပ်။ ကျောင်းမှာ ဆာတိုင်း မီးဖုတ်စားနေတာလား..."

သားအငယ်က ဝင်ပြောသည်။

"အမယ်လေးဟဲ့။ ဖိနပ်မီးဖုတ်များ တော်ရုံတန်ရုံ ချမ်းသာရုံနဲ့ စားနိုင်မယ်ထင်လို့လား။ ဖိနပ်တစ်ရံကို တစ်ဆယ် ဆယ့်ငါးကျပ်အောက်ထစ်ပေးနေရတာ...။ မီးဖုတ်ပြီး စားရက်ပါ့မလား။ ပါးစပ်သနလို့မဟုတ်ဘူး။ ဖိနပ်နမြောလို့..."

"နင်ကတော့ လုပ်ပြီ"

"ဟုတ်တယ်။ ဖိနပ်တွေကလည်း တမင်များ မခိုင်အောင်ချုပ်ထားသလား မသိဘူး။ ခိုင်တဲ့ဖိနပ်တွေကျတော့ ဈေးကခေါင်ခိုက်။ ဓီးဘရားဆို ငါးဆယ်ကျော်။ ဝိတ်တာဆိုရင် တစ်ရာကျော်"

"အင်း မီးဖုတ်ပြီး စားလိုက်ရရင်တော့ တော်တော်မြိန်မယ်"

"အေး ငါသူဌေးဖြစ်မှ ကျွေးမယ်"

မောင်နှမနှစ်ယောက် စကားနိုင်လုနေချိန်ဝယ် သူက အပျိုအရွယ်သမီးငယ်ကို ငေးကြည့်မိသည်။ မိန်းကလေးတစ်ဦးအတွက် ဆံပင်မှ

mgyoe.com

mgyoe.com


ခြေထောက်အထိ ခေတ်နှင့်အညီ အဆင့်အတန်းမီမီ ဝတ်ဆင်နိုင်ရန် ငွေဘယ်နှရာများ ကုန်လေမည်နည်းဟု စဉ်းစားကြည့်မိတော့ ခေါင်းကိုက်ချင်သလိုလို ဖြစ်လာသည်။

"ထောပတ်ကလေးပါ သုတ်ကျွေးဟာ..."

"အေး... ထောပတ်တစ်ပေါင် တစ်ရာမဖြစ်သေးရင်တော့ သုတ်ပေးမယ်"

သူတို့မောင်နှမတွေလည်း ငယ်ငယ်တုန်းကတော့ အခုလို ချစ်ချစ်ခင်ခင်ဖြစ်သည်။ အသက်တွေကြီးလာတော့လည်း ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်အိမ်ထောင်နှင့်ကိုယ်၊ ကိုယ့်ဒုက္ခနှင့်ကိုယ်ဖြစ်ပြီး အနေတွေဝေးပြီး စိမ်းကုန်သည်။

"အင်း လူဆိုတာ အသက်ငယ်တုန်းတော့ သဘောကြီးပြီး အသက်တွေကြီးလာရော စိတ်သဘောတွေလည်း တစ်နေ့တခြား နုလာကုန်ရော ထင်ပါရဲ့"

သူက တွေးရင်း စိတ်မကောင်းဖြစ်မိသည်။ သူတို့ညီအစ်ကိုသုံးယောက်လည်း ငယ်ငယ်တုန်းက ထွေးလုံးရစ်ပတ် သတ်ပုတ်ဆော့ကစားပြီး ဖက်လဲတကင်း နေခဲ့သော်လည်း အခုတော့ ကိစ္စအထွေအထူးမရှိလျှင် တစ်ဦးနှင့်တစ်ဦး မတွေ့ဖြစ်ကြတော့ပေ။

အစ်ကိုကြီးကလည်း ညီငယ်ကို ခပ်တည်တည်နေသည်။ သူ့မိန်းမကို "အသပြာဆရာမ" ဟု ပြောသောကြောင့်ဖြစ်သည်။ ညီငယ်ကလည်း "ကျွန်တော့်ဟာကျွန်တော် မိန်းမဘယ်နှယောက် ယူယူပေါ့ဗျာ။ ကိုယ့်ဇာတ်ကိုယ်နိုင်လို့ ကတာပဲဟာ...။ အခုတော့ အိမ်လာရင် ဟိုပညာတတ်မိန်းမကြီးက "နင်မို့လို့ ဒီလိုအဖြစ်ခံတယ်။ ငါသာဆိုရင် မယားငယ်မပါးချပြီး အိမ်ပေါ်ကဆွဲချမယ်" လို့ အကြီးမကို သွားပြော။ အငယ်ကျပြန်တော့လည်း "ဟိုကဆွဲထားတော့ ကြိုးအတုတ်၊ နင့်လည်ပင်းကျပြန်

mgyoe.com

mgyoe.com


တော့ ပါးပါးမှုန်မှုန်လေးပါလားဟဲ့" လို့ ပြောလိုပြော၊ တယ်ပြီး ဓာတ်ရှပ်စေချင်တယ်" ဟု မကျေမနပ်ပြောပြီး အစ်ကိုကြီးနှင့် ခပ်တန်းတန်းနေလေသည်။

သူကလည်း သူ့မိန်းမ မလှည်လို့ တကယ်အေးသည်မှာ မှန်သော်လည်း "ဒီမိန်းမကတော့ ခပ်နုံနုံ ခပ်ဖျင်းဖျင်းပါကွာ" ဟူသော မှတ်ချက်ကို ကြားနေတော့ မခံချိမခံသာဖြစ်မိသည်မှာ အမှန်ပင်။ မကျေနပ်မိသည်မှာလည်း အမှန်ပင်။ ဒါကြောင့်လည်း သိပ်အဝင်အထွက် မလုပ်တော့ဘဲ ခပ်အေးအေး ခပ်စိမ်းစိမ်းပင် နေမိတော့သည်။

"ငွေက တစ်ရာ့ငါးဆယ်လောက်တော့ လိုမယ်ထင်တယ်။ ရုံးမှာ ချေးလို့ ရဦးမလား..."

"မလွယ်တော့ဘူးကွ"

"ဒီလိုဆို ဆီစာအုပ်ပဲ ပေါင်ရဦးတော့မလား မသိပါဘူး"

"နက်ဖြန်ကျရင် အစ်မကြီးဆီ သွားကြည့်လိုက်ဦးမယ်လေ"

သူက လေသံပျော့ပျော့နှင့် ပြောသည်။ အစ်မကြီးက ကပ်စေးနှဲသော်လည်း မောင်တွေ၊ ညီမတွေ အကူအညီလာတောင်းလျှင် ကြောင်တောင်ကြည့်နေနိုင်သူတော့ မဟုတ်ပေ။ တစ်ရာတောင်းလျှင် ငါးဆယ်လောက်တော့ ညည်းညည်းညူညူနှင့် ထွက်လာတတ်သည်။

သူက ညည်းညူလွန်းတော့ ယူရသူမှာ မျက်နှာလည်းပူ၊ စိတ်လည်း ညစ်မို့ ကျေးဇူးတင်ရမည်ကိုပင် မေ့သွားတတ်သည်။ ပြီးခဲ့သောနှစ်က အကြီးကောင် အသားဝါရောဂါဖြစ်တုန်းက အစ်မကြီးဆီကပင် ငွေနှစ်ရာ သွားပြီးချေးခဲ့ရသည်။ ချေးသည်ဟု စကားလုံးလှအောင် သုံးသော်လည်း ပြန်မဆပ်သော ချေးခြင်းမျိုးဖြစ်ကြောင်း အစ်မကြီးရော၊ သူရော နားလည်ပြီးသားတော့ဖြစ်သည်။

အစ်မကြီးက သူတောင်းသောငွေနှစ်ရာကို ပေးသော်လည်း ထုံးစံ

mgyoe.com

mgyoe.com


အတိုင်း ညည်းလေသည်။ သူက ငွေနှစ်ရာကို အိတ်ထဲထည့်ရင်း "နောက်များဆိုရင် ဘာဖြစ်ဖြစ် လာမတောင်းတော့ဘူးကွာ" ဟု ဆုံးဖြတ်ချက်ချမိသည်။

"အင်း ဆုံးဖြတ်တုန်းကတော့ ဆုံးဖြတ်တာပဲ။ ဒါပေမဲ့ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ငါ့မှာ ဒီအစ်မကြီးကလွဲလို့ တောင်းစရာမှ မရှိတာပဲ"

သူက တွေးရင်း သက်ပြင်းချမိသည်။ အစ်ကိုနှင့်ညီက သူ့ထက်ချောင်ချောင်လည်လည်ရှိသော်လည်း တောင်းဖို့ စိတ်ကူးထဲပင် သိပ်မထည့်ရဲ။ သူတို့မိန်းမတွေ မသိဘဲလည်း သူတို့က ပေးလိမ့်မည်မထင်။ ညီမကတော့ သူ့ယောက်ျား အတော်ကြောက်ရသည်။ နောက်ပြီး သူတို့မှာလည်း ကလေးက လေးယောက်နှင့်မို့ စားမလောက်။

ဒီကြားထဲ သူ့သားအကြီးက ၁၇ နှစ်သားနှင့် မိန်းမခိုးပြီး အဖေအမေအိမ်တွင် သောင်တင်နေတော့ ညီမသည် သူတို့မောင်နှမလေးယောက်တွင် အငယ်ဆုံးဖြစ်သော်လည်း အရင်ဆုံး မြေးထိန်းရသူဖြစ်သည်။ နဂိုကမှ ကျပ်တည်းရသည့်အထဲ ချွေးမရော၊ မြေးပါ ပိုလာတော့ သူ့ယောက်ျားခမျာ ညဘက်ထွက်ပြီး သုံးဘီးမောင်းရသေးသည်။

ဒီကြားထဲ သူက သွားတောင်းလျှင် ယောက်ျားအပေါ် မျက်နှာငယ်ရှာသာရှိမည်။ ပေးချင်စိတ်ရှိလျှင်တောင် ပေးနိုင်ဖို့တော့ သိပ်မလွယ်ပေ။ ဒီတော့လည်း ဘာမျှမတတ်နိုင်။ ယခင်က ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်ကလေးကို လေထဲသို့ လွှင့်ပစ်လိုက်ပြီး အစ်မကြီးဆီ သွားတောင်းဖို့ပင် ရှိတော့သည်။

* * *

"ရေချိုးနေတယ် ဦးလေး..."

အစ်မကြီးဆီရောက်တော့ ဧည့်ခန်းထဲတွင် ဂီတာတီးနေသော

mgyoe.com

mgyoe.com


သားအကြီးဆုံးက ဆီးပြောသည်။

"အေးကွာ...။ ချိုးပါစေ။ အေးအေးဆေးဆေးပေါ့"

သူက ဧည့်ခန်းထောင့်မှ ကြိမ်ကုလားထိုင်တွင် ထိုင်ပြီး စားပွဲပေါ်တွင်တွေ့သော သတင်းစာကိုကောက်ကာ အပြန်ပြန်အလှန်လှန် ဖတ်နေလိုက်သည်။ စာဖတ်သည်ဟုဆိုသော်လည်း မျက်စိက ကျော်ကာလွှားကာ ဖတ်နေခြင်းဖြစ်သည်။ ဦးနှောက်ထဲကို ရောက်သည်တော့ မဟုတ်ပေ။ အစ်မကြီးအကြောင်းကို တွေးနေမိသောကြောင့် ဖြစ်သည်။

အစ်မကြီး၏ခင်ပွန်းသည် ဆုံးသွားသည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်သော်လည်း မဆုံးမီက အရှိန်အဝါအရ အပေါင်းအသင်းများပြီး အရှာအဖွေကောင်းသူဆိုတော့ အတော်ကလေး သုံးနိုင်စွဲနိုင် စုဆောင်းနိုင်ခဲ့လေသည်။

အင်းလျားလမ်းတွင် တစ်ထပ်တိုက်ကလေးတစ်လုံး ရှိသည့်အပြင် ပါရမီတွင်လည်း ခပ်ချောင်ချောင်ရလိုက်သော မြေကွက်တစ်ကွက်ရှိသေးသည်။ ခင်ပွန်းဖြစ်သူ ရုတ်တရက် ဆုံးသွားတော့ အစ်မကြီးသည် ရင်ကိုစုံထုကာ လူးလဲငိုခဲ့သော်လည်း ကြာရှည်တော့ ငိုမနေတော့ပေ။ တစ်လလောက်နေတော့ မျက်ရည်သုတ်ခဲ့သည်။

နေမည်ဟု စိတ်မကူးခဲ့သော ပါရမီက မြေကလေးတွင် ပျဉ်ထောင်အိမ် သင့်သင့်လေးတစ်လုံး အမြန်ဆောက်ခဲ့သည်။ အိမ်ပြီးသည်နှင့် နေလကစ အင်းလျားလမ်းကအိမ်ကို ပြန်လည်ပြုပြင်ပြီး သံရုံးတွားရန်စီစဉ်ကာ ပါရမီသို့ သားအမိလေးဦး ပြောင်းလာခဲ့ကြလေသည်။ လုပ်သင့်လုပ်ထိုက်သည်များကို အကွက်စေ့စေ့ကလေး လုပ်ခဲ့သဖြင့် တိုက်လခတစ်လကို သုံးထောင်နှင့် ချောင်ချောင်လည်လည်လေး နေနိုင်ခဲ့သည်။

သူတို့အိမ်ကိုကြည့်၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်း၊ ဇာခန်းဆီးတို့နှင့် သပ်သပ်ရပ်ရပ် လှလှပပရှိသည်။ အိမ်ပြောင်းရသော

mgyoe.com

mgyoe.com



နေ့က အစ်မကြီး၏သမီး သူ့တူမငယ်က "ကျွန်မတို့ ဆင်းရဲသွားပြီ ဦးလေးရဲ့" ဟု ဝမ်းနည်းပန်းနည်းပြောပြီး မျက်ရည်ကျတာမြင်တော့ သူက "ငါသာ နင်တို့ဆင်းရဲသလောက်သာ ချမ်းသာရင် ဘယ်လောက်ကောင်းလိုက်မလဲ" ဟု ပြောချင်လိုက်သည်မှာ ပါးစပ်ပင်ယားနေသည်။

ခဏနေတော့ အစ်မကြီး ထွက်လာသည်။

"ပေါ်မလာ အတော်ကြာပါရော့လား...။ တစ်အိမ်လုံးနေကောင်းကြရဲ့လား..." ဟု မေးတော့ "ဟိုတစ်ခါ သားနေမကောင်းလို့ ငွေယူဖူးတာကို သတိပေးပြီး ပြောတာထင်ပါရဲ့" ဟု မလုံမလဲ တွေးမိသေးသည်။ သူကသာ စိတ်မလုံသော်လည်း အစ်မကြီးက ရိုးရိုးပြောသူမို့ "ထမင်းစားပြီးမှ ပြန်နော်" ဟု တစ်ဆက်တည်း ပြောသည်။

"ဆင်းရဲပါပြီ" ဟု ညည်းနေသော်လည်း အစ်မကြီးတို့အိမ်က ဆိတ်သား၊ ကြက်သား၊ ငါးမြင်း၊ ငါးကြင်း၊ အစိမ်းကြော်၊ ယိုးဒယားဟင်းချို၊ တညင်းသီးပြုတ်တို့စရာ စသည်တို့ကို နေ့စဉ်မထပ်အောင် အမျိုးမျိုးစားလေတော့ သူက ပွဲတော်တိုးသကဲ့သို့ ထမင်းမြိန်လှသည်။

တူတွေ၊ တူမတွေ စားပြီးသွားကြပြီး အစ်မကြီးနှင့် နှစ်ဦးတည်း ကျန်ခဲ့သောအခါကျမှ "အရေးတကြီးလိုနေလို့ ငွေတစ်ရာ့ငါးဆယ်လောက် လှည့်ပါဦးဗျာ..." ခပ်တိုးတိုး ကျိတ်ပြီးပြောရသည်။ သူရောက်လာကတည်းက "ငွေလိုပြန်ပြီထင်ပါရဲ့" ဟု တွေးမိပြီးဖြစ်သောကြောင့် အစ်မကြီးက သက်ပြင်းလေး မသိမသာချသည်။ "အင်း" ဟူ၍ ခေါင်းညိတ်သော်လည်း မျက်နှာက ခပ်ပျက်ပျက်ဟု သူထင်သည်။

"နင်တို့အားလုံးက ငါ့ကို သူဌေးလို့ထင်နေကြတယ်။ ငါ့မှာဖြင့် တစ်လတစ်လ အလျှဉ်မီအောင် မနည်းသုံးနေရတာ၊ အိမ်စရိတ်က သေးတာမဟုတ်ဘူး"

အစ်မကြီးက စ၍ညည်းလေသည်။

mgyoe.com